**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)**

## မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် (၁၈၀၀၀) ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန် မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စ

၁။ မြန်မာနိုင်ငံမှ တင်ပို့ခဲ့သော ဆန်တန်ချိန် (၁၈၀၀၀) ကို **အိုင်ဗရီကို့စ် အာဏာပိုင်များက** စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည်ဟု ပြည်ပသတင်းဌာနများတွင် မကြာသေးမီက ဖော်ပြခဲ့ပါသည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဆန်များမှာ Olam International Co.,Ltd က အာဖရိကတိုက်ရှိ ဂီနီ(Guinea) သို့ ဆန်တင်ပို့ရန် မြန်မာကုမ္ပဏီ (၃) ခု ဖြစ်သော ရွှေဝါရောင်ကုမ္ပဏီမှ တန် (၁၃၅၀၀)၊ Myanmar Economic Corporation Co.,ltd မှ တန် (၈၀၀၀) နှင့် ရောဟသ်ာကုမ္ပဏီမှ တန် (၅၀၀) စသည်ဖြင့် သင်္ဘောပေါ်အရောက်ဈေးနှုန်း (FOB) ဖြင့် ဝယ်ယူခဲ့သည့် ဆန်များ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ၄င်းဆန်များအား တင်ဆောင်မည့် MV Ocean Princess သင်္ဘောသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဆန်တန်ချိန် (၂၂၀၀၀) ခန့်ကို အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီ၏ စစ်ဆေးအတည်ပြုချက်ဖြင့် တင်ဆောင်၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထွက်ခွာသွားခဲ့ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံဆိပ်ကမ်း၌ ဆန်တန်ချိန် (၁၄၀၀၀) အား ထပ်မံတင်ဆောင်ခဲ့ပြီး ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်၌ ဆိုက်ရောက်ခဲ့ပါသည်။

၄။ ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းတွင် ၄င်းသင်္ဘောမှ ဆန်တန်ချိန် (၄၀၀၀) ခန့် ချအပြီး ဆန်အိတ်အချို့တွင် အလေးချိန်မပြည့်သည့် အကြောင်းပြချက်ဖြင့် ဆက်လက် လက်မခံခဲ့သဖြင့် တိုဂိုနိုင်ငံ (Togo) တွင် ရောင်းချရန် သွားရောက်ခဲ့ရာ ယင်းနိုင်ငံမှလည်း ထပ်မံ၍ ငြင်းပယ်ခံခဲ့ရပါသည်။ ၄င်းမှ ဆက်လက်ထွက်ခွာခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံ၊ အဘီဂျန် (Abidjan) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

၅။ အဆိုပါ ဆန်များအား မြန်မာနိုင်ငံသို့ ပြန်လည်တင်ဆောင်နိုင်ရန် Olam International Co.,Ltd ကိုယ်စားလှယ်များက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် လာရောက်တွေ့ဆုံတင်ပြခဲ့မှုအရ စုစုပေါင်း ဆန်တန်ချိန် (၁၈၁၀၄.၅၅) တန်အား ပြန်လည်သယ်ယူနိုင်ရန် Repair & Return စနစ်ဖြင့် သွင်းကုန်ပါမစ် (၃) စောင် ထုတ်ပေးခဲ့ပါသည်။

၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းဆန်များ ပြန်လည်ရောက်ရှိလာပါက မည်သည့်အတွက်ကြောင့် ပြန်လည်တင်ပို့ခံခဲ့ရခြင်းဖြစ်သည်ကို စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စိစစ်ရန် စီစဉ်ခဲ့ပါသည်။

၇။ သို့သော် ၎င်းသင်္ဘောမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ခြင်းမရှိဘဲ မြန်မာ့ဆန်များ စားသုံးရန်မသင့်၍ အိုင်ဗရီကိုစ့်၌ ဖျက်ဆီးခဲ့ကြောင်း ပြည်ပသတင်းဌာနများက ဖော်ပြခဲ့ရာ မြန်မာ့ဆန်များ၏ နာမည်ကောင်းကို ထိခိုက်စေခဲ့ပါသည်။

၈။ ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဆန်များ ရောင်းချခဲ့သည့် ပြည်တွင်းကုမ္ပဏီများနှင့် သင်္ဘောတင်မှုတွင် အရည်အသွေးစစ်ဆေးသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ရာ ယင်းဆန်များကို စာချုပ်ပါ အရည်အသွေး အလေးချိန်များအတိုင်း ဆန်တင်ပို့မှုတွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိသည့်ကုမ္ပဏီများမှရောင်းချခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအရည်အသွေးစစ်ဆေးသည့် ကုမ္ပဏီများကလည်း ယင်းဖြစ်ရပ်မျိုး ယခင်က ဖြစ်ပွားခဲ့ခြင်းမျိုး မရှိခဲ့ကြောင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ၍ သင်္ဘောတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြခဲ့ကြပါသည်။

၉။ မြန်မာ့ဆန်များ၏ အရည်အသွေးကို တာဝန်ခံနိုင်ကြောင်းနှင့် FOB စနစ်ဖြင့် ဝယ်ယူခဲ့သည့် ကုမ္ပဏီအနေဖြင့် သင်္ဘောတင်စဉ်မှ ကုန်ပစ္စည်းချသည့်အချိန်အထိ (၇) လကျော် ကြာမြင့်ခဲ့ခြင်းနှင့် သင်္ဘောတင်ချိန်နှင့် သင်္ဘောပေါ်တွင် ရေငွေ့ဝင်ခြင်းများကြောင့်သာ ဆန်အရည်အသွေးထိခိုက်မှုဖြစ်နိုင်ကြောင်း ဆန်များ ရောင်းချခဲ့သည့် ကုမ္ပဏီများ၏ တင်ပြချက်အရ သိရှိရပါသည်။

၁၀။ အထက်ပါ ဆန်ရောင်းချခဲ့သည့် မြန်မာကုမ္ပဏီ (၃) ခုသည် FOB (ရန်ကုန်) စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ရာ FOB စနစ်အရ **"ကုန်ရောင်းသူသည် ရောင်းချမည့် ကုန်ပစ္စည်းကို တင်ပို့ရမည့် သင်္ဘောပေါ်သို့ ရောက်ရှိသည်အထိ တင်ပို့ပေးရန်တာဝန်ရှိပြီး ဝယ်သူသည် ကုန်ပစ္စည်း သင်္ဘောပေါ်သို့ ရောက်ရှိပြီးသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်"** ဖြစ်သဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ငွေကြေးအရ နစ်နာမှုမရှိကြောင်းနှင့် ဆန်များ ဖျက်ဆီးခံရခြင်းအပေါ် တာဝန်မရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ယင်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာ့ဆန်များ တင်ပို့သည့်ဈေးကွက်ကို ထိခိုက်မှု မရှိဘဲ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ (၁၉) ရက်နေ့အထိ ပို့ကုန်လိုင်စင်ခွင့်ပြုထားသည့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် (၂၇၉၉၅) တန်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် (၁၁၉၀) တန်၊ ဆန်ကွဲ (၁၁၅၀) တန်၊ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် (၁၅၂၇၁) တန်၊ ဆန်ကွဲ (၁၉၀၁၀) တန် တို့ကို ပုံမှန်အတိုင်း ဆက်လက်တင်ပို့လျက်ရှိပါသည်။

၁၂။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများ ပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဆန်တင်ပို့သည့် ကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီနှင့် ဆန်ဝယ်ယူသည့် Olam International Co., Ltd တို့ကို အသေးစိတ် စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။